# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး
# ၄၂ ရက်မြောက်နေ့ အစီအစဉ်
# [ ၄ - ၁၀ - ၂၀၁၆ ]
# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၄၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ်၊ ရတနအုပ်စုနှင့် ခြုံဆွယ်အုပ်စုတွင် ရှိသော ကျိုးပေါက်နေသည့် တာတမံများကို ဆားငန်ရေမဝင်နိုင်အောင် ပြည်ထောင်စုဘတ်ဂျက်ငွေဖြင့် သင်းဂနက်ကျွန်တောင်နှင့် လကွက်တောင်တို့ကို သွယ်တန်း၍ ဆည်ဖို့ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဘက်ခြမ်းတွင် တည်ရှိသော ဝေက်စွယ်ကျွန်းကို ရေငန်တားတာတမံ အသစ်တစ်ခု ဆည်ဖို့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ World Bank ၊ ADB သို့မဟုတ် အခြားဘဏ်များ၏ ကူညီထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း (Lower Burma Paddyland Development Project-1976) ကဲ့သို့သော စီမံကိန်းများ အကောင်အထည်ဖော်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမှ ရေနံချောင်းမြို့နယ်၊ သုံးဆယ်ခြောက်ကျေးရွာအထိ ၂၁/၇ မိုင် ရှိပြီး ချောက်မြို့နယ်အပိုင်း ၁၆/၇ မိုင်မှာ မြေသားအဆင့် မြှင့်တင်ပြီး ကျောက်ချောလမ်း ဖောက်လုပ်ပြီးဖြစ်သော်လည်း ရေနံချောင်း မြို့နယ် ပင်းဝလမ်းပိုင်း ၅ မိုင်မှာ ၁၂ ပေအကျယ် တစ်ကြောင်းထိုးလမ်းသာ ဖြစ်သဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် ဖောက်လုပ် ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၄၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။